**ဆွေးနွေးချက်**

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းမြင့် က တော်လတီတိုက်နယ် ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦးမှာ ဟောင်းနွမ်းပျက်စီးအသုံးပြု၍ မရသဖြင့် ကျန်းမာရေးဌာနအဆင့်ဆင့်သို့တင်ပြခဲ့ရာ ယခုအခါ ဖျက်သိမ်းရန်အတွက် ဖျက်သိမ်းရေးကော်မတီဖွဲ့စည်းရန် ဆွေးနွေးကြပါသည်။ တော်လတီတိုက်နယ် ကျေးလက်ကျန်းမာရေးဌာနသည် ကျေးရွာအရပ်ရပ်အတွင်းရှိ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုဖြစ်၍ အဆောက်အဦး အခိုင်အမာရှိပါကအဆင်ပြေကြောင်း ယခုအခါဖျက်သိမ်းရေးကော်မတီဖွဲ့၍ ကျန်းမာရေးစောင့်ရှောက်မှုများ၊ မိခင်ကလေးစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများကို အဆောက်အဦးမကောင်း၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် လုပ်နေရပါသဖြင့် အဆောက်အဦးအသစ် ပေါ်ပေါက်လာပါက စနစ်တကျဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။ အစည်းအဝေး တက်ရောက်လာသူများမှလည်း ဆွေးနွေးချက်ကို သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

ထို့နောက် တော်လတီတိုက်နယ် အဆောက်အဦးဟောင်း ဖျက်သိမ်းရေးကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပြီးနောက် အစည်းအဝေးကို နေ့လယ် (၁၂ : ၀၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။